ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

စာအမှတ်၊ ၁(က)(၁)၂၀၁၉(၄၆၃၀)ကလရ။

ရက်စွဲ၊၂၀၁၉ခုနှစ်၊ဖေဖော်ဝါရီလ( ၂၈ )ရက်။

## Diploma Course in Dermatology and Dermatosurgery သင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း

ထိုင်းနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ International Cooperation Agency(TICA) မှ 2019 (Thailand International Postgraduate Programme (TIPP) Programme ဖြင့် ထိုင်းနိုင်ငံ၊ Institute of Dermatology တွင် ၂၀၁၉ခုနှစ်၊ မေလမှစ၍ ၂၀၂၀ခုနှစ်၊ မတ်လထိ (၁၁)လ သင်ကြားပို့ချမည့် Diploma Course in Dermatology and Dermatosurgery သင်တန်းသို့ ပညာသင်စေလွှတ်ရန်အတွက် ပညာသင်စေလွှတ်ရန်အတွက် သက်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် သက်ဆိုင်ရာဦးစီးဌာနမှတဆင့် လျှောက်ထားနိုင်ပါကြောင်း အကြောင်းကြားပါသည်။

**<u>လိုအပ်သောအရည်အချင်းများ</u>**

၁။ လျှောက်ထားသူနှင့် မိဘနှစ်ဦးစလုံးအပြင် ဇနီး/ခင်ပွန်းသည်လည်း နိုင်ငံသားဖြစ်ရပါမည်။ (ဧည့်နိုင်ငံသားနှင့်ပြုနိုင်ငံသားများကိုလည်း လျှောက်ထားခွင့်ပြုပါသည်။)

၂။ လျှောက်ထားသူသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနလက်အောက်တွင် အမြဲတမ်းဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး လျှောက်လွှာပိတ်သည့်နေ့တွင် အနည်းဆုံးအမှန်တကယ်အမှုထမ်းသက်(၂)နှစ်ရှိသူဖြစ်ရပါမည်။

၃။ လျှောက်ထားသူသည် လျှောက်လွှာပိတ်သည့်နေ့တွင် M.Med.Sc (Dermatology)ဘွဲ့ရရှိထားပြီးသူဖြစ်ရပါမည်။

၄။ လျှောက်ထားသူသည် လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၅၀)နှစ်အောက်ရှိသူဖြစ်ရပါမည်။

၅။ လျှောက်ထားသူသည် ရွေးချယ်ခံရပါက English proficiency scores test (TOEFL or IELTS) သတ်မှတ်ရမှတ်အား တင်ပြနိုင်သူဖြစ်ရပါမည်။

၆။ နိုင်ငံခြားတွင်(၆)လနှင့်အထက် သင်တန်းတက်ရောက်ပြီးသူဖြစ်ပါက မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးအနည်းဆုံး (၃)လ တာဝန်ထမ်းဆောင်ပြီးသူဖြစ်ရပါမည်။

၇။ သင်တန်းမှပြန်လည်ရောက်ရှိပါက နိုင်ငံ့ဝန်ထမ်းအဖြစ်(၄)နှစ် ပြန်လည်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရပါမည်။

**လျှောက်လွှာတွင်ဖော်ပြရမည့်အချက်အလက်များနှင့် လျှောက်လွှာပေးပို့ရမည့်အစီအစဉ်။**

၁။ အမည် (မြန်မာဘာသာဖြင့်) -

(အင်္ဂလိပ်ဘာသာဖြင့်) -

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-

ဆမအမှတ် -

၂။ အဘအမည် -

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-

အလုပ်အကိုင်

၃။ အမိအမည် -

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-

အလုပ်အကိုင် -

၄။ ဇနီး/ခင်ပွန်းအမည် -

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-

အလုပ်အကိုင် -

၅။ အသက်(မွေးနေ့သက္ကရာဇ်) -

၆။ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ -

၇။ ပညာအရည်အချင်း -

၈။ လက်ရှိရာထူးနှင့်ဌာန -

၉။ စတင်အမှုထမ်းဆောင်သည့်နေ့နှင့်အမှုထမ်းသက် -

၁၀။ အမှုထမ်းရာဇဝင်အကျဉ်း -

၁၁။ ဆက်သွယ်ရန်လိပ်စာ၊တယ်လီဖုန်းအမှတ်နှင့်Email Address -

၁၂။ ပြည်တွင်း၌တက်ရောက်ခဲ့သောသင်တန်းနှင့်အောင်မြင်ခဲ့သော (ရက်၊လ၊ခုနှစ်) -

၁၃။ ပြည်ပသို့ (၆)လနှင့်အထက် သင်တန်းတက်ရောက်ခဲ့ဘူးပါက သွားရောက်ခဲ့သည့်နိုင်ငံ၊ သင်တန်းကာလ(ရက်၊ လ၊ နှစ်အတိအကျဖော်ပြရန်)

၁၄။ ပြည်တွင်း/ပြည်ပတွင် လွှန်သင်တန်းတက်ရောက်နေခြင်း(သို့မဟုတ်)တက်ရောက်ရန်ရွေးချယ်ခံထားရခြင်းရှိ/မရှိ

**၁၅။ ပြည်တွင်း/ပြည်ပသင်တန်းတစ်ခုခုသို့ တက်ရောက်ဆဲဖြစ်ပါက ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။**

၁၆။ လျှောက်ထားသည့်သင်တန်း ------------------------------------------------------------------

၁၇။ လျှောက်လွှာနှင့်အတူအောက်ပါတို့ကို ပူးတွဲတင်ပြရမည်။

(က) လွန်ခဲ့သော(၆)လအတွင်း ရိုက်ကူးထားသော ပါတ်စ်ပို့အရွယ်ဓါတ်ပုံ(၃)ပုံ

(ခ) အသက်မှန်ကန်ကြောင်းထောက်ခံစာမိတ္တူ

(ဂ) ဘွဲ့လက်မှတ်မိတ္တူ

၁၈။ အချက်အလက်အားလုံးပြည့်စုံစွာဖော်ပြပြီး သင်တန်းသားကိုယ်တိုင် လက်မှတ်ရေးထိုး လျှောက်ထားရမည်ဖြစ်သည်။

၁၉။ လျှောက်လွှာများကို မိမိတို့တာဝန်ထမ်းဆောင်နေသည့်ဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့ လျှောက်ထားရမည်ဖြစ်သည်။

၂၀။ <u>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ကြိုတင်လျှောက်လွှာပေးပို့ရန်မလိုပါ။</u>

၂၁။ သက်ဆိုင်ရာဦးစီးဌာနနှင့် တက္ကသိုလ်များမှ သင်တန်းသား၏ လျှောက်လွှာပါအချက်အလက်များ မှန်ကန်ပြည့်စုံကြောင်းနှင့် သင်တန်းဝင်ရောက်ဖြေဆိုခွင့်ကို ထောက်ခံ/မထောက်ခံဖော်ပြ၍ လျှောက်လွှာများ နှင့်တကွ ဤကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊နေပြည်တော်သို့ (၁၂-၃ -၂၀၁၉) ရက်နေ့ (၁၆:၀၀)နာရီနောက်ဆုံးထားပေးပို့ရမည်။

၂၂။ သက်ဆိုင်ရာဦးစီးဌာနနှင့် တက္ကသိုလ်များမှတဆင့် စိစစ်ထောက်ခံပေးပို့ခြင်းမရှိသည့် လျှောက်လွှာများကို စဉ်းစားမည်မဟုတ်ပါ။

<u>အရည်အချင်းစစ်စာမေးပွဲ။</u>

သတ်မှတ်ထားသော အရည်အချင်းနှင့်ပြည့်စုံသူများသည် (၁၅-၃-၂၀၁၉)ရက်နေ့တွင် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကိုဖြေဆိုရမည်။ ရေးဖြေစာမေးပွဲတွင်ကျွမ်းကျင်မှုဘာသာရပ်အဖြစ်(၃)နာရီ မေးခွန်းလွှာနှင့် အင်္ဂလိပ်စာဘာသာရပ်အဖြစ် (၂)နာရီ မေးခွန်းလွှာတို့ကို **"ဆေးပညာသင်ကြားရေး ဗဟိုဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ရန်ကုန် "** တွင်ဖြေဆိုရမည်ဖြစ်ပါသည်။

**ဖြေဆိုခွင့်ရရှိသူများ၏ ခုံအမှတ်စာရင်းနှင့်စာမေးပွဲအချိန်စာရင်းကို (၁၄- ၃ -၂၀၁၉) ရက်နေ့တွင် ဆေးပညာသင်ကြားရေးဗဟိုဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ရန်ကုန်ရှိ ကြော်ငြာသင်ပုန်းတွင် ကြေညာထားမည်ဖြစ်ပါသည်။**

**မှတ်ချက်။**

- လျှောက်လွှာပိတ်ရက်နောက်ပိုင်းမှရောက်ရှိလာသော လျှောက်လွှာများနှင့် ပြည့်စုံခြင်းမရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။
- စာမေးပွဲလာရောက်ဖြေဆိုသည့်အခါ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၁)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဝန်ထမ်းစိစစ်ရေးကဒ်ပြားများကို တင်ပြရပါမည်။
- အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
- ၀၆၇-၄၁၁၁၇၉ **ညွှန်ကြားရေးမှူး**
  ၀၆၇-၄၁၁၂၃၈ နိုင်ငံခြားဆက်သွယ်ရေးဌာနစိတ်
  ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန။
- ၀၆၇-၄၁၁၁၄၈ နိုင်ငံခြားဆက်သွယ်ရေးဌာနစိတ်
  ၀၆၇-၄၁၁၁၄၉ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန။
  လိုင်းခွဲ-၈၀၉

(ဒေါက်တာတင်တင်လေး)
ညွှန်ကြားရေးမှူးချုပ်

**ကြော်ငြာသင်ပုန်း။**

**ဖြန့်ဝေခြင်း။**

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန။

၂။ ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန။

၃။ ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်များအားလုံး။

၄။ ညွှန်ကြားရေးမှူး(ဆေးပညာသင်ကြားရေး/ပညာပေး)ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန။